# တိုင်းရင်းသားမိဘပြည်သူများနှင့် တော်လှန်တိုက်ပွဲဝင်အင်အားစုများသို့!

နေ့စွဲ- ၂၀၂၀ခုနှစ် ဇွန်လ ၂၇ရက်နေ့

စစ်အာဏာရှင်စံနစ် တိုက်ဖျက်ရေး တော်လှန်မှုတစ်ရပ် လုပ်ဆောင်နိုင်ဖို့၊ လုပ်ဆောင်ကြဖို့၊ တိုက်ပွဲဝင်ကြဖို့၊ စစ်အာဏာရှင်စံနစ် ဆိုတာဘာလဲ၊ ဘယ်လိုနားလည်ထားလဲ အနည်းငယ် တင်ပြကြည့်ပါမယ်။

စံနစ်ဆိုတာ ရှင်းရှင်းလင်းလင်း အကျယ်တပွင့်တင်ပြရရင် ပြည်သူလူထု နားလည်နိုင်တယ်၊ အချို့တင်ပြချက်တွေကြောင့်လဲ ရှုတ်ထွေးသွားနိုင်တယ်၊ ရှင်းပြတာ နားမလည်ရင် စိတ်ပျက်သွားနိုင်တယ်၊

ဒီတော့အလွယ်ဆုံး ကျနော်တို့အင်အားစုတွေ နားလည်ထားတဲ့ ဥပမာပေးပြီး၊ လူထု လက်တွေ့ဘဝနဲ့ အနာဂတ်မျှော်လင့်ချက်ကြား အနီးစပ်ဆုံးဖြစ်အောင် တင်ပြကြည့်ရမယ် ဆိုရင်- လက်ရှိမြန်မာနိုင်ငံမှာ နေထိုင်ကြသူတိုင်း ခံစားချက်တွေကို လွတ်လွတ်လပ်လပ် ပြောရင် ပြဿနာဖြစ်မယ်ဆိုတဲ့ အတွေးဝင်နေကြတယ်၊ ရှင်းရှင်းနေနိုင်ရင် ချမ်းသာမှုရတယ်၊ ဒီအုပ်ချုပ်သူတွေနဲ့သွားပြီး မပတ်သက်ရင် အကောင်းဆုံးဖြစ်တယ်၊ ကိုယ်နှင့်မဆိုင်ရင် ဝင်မပါနဲ့၊ ကိုယ့်မိသားစုအရေးထက် ကျန်တာဘာမှ အရေးမကြီးဘူး၊ လွတ်မြောက်လိုချင်ရင် နိုင်ငံခြား ထွက်နိုင်အောင်ကြိုးစား၊ ဖိနှိပ်မှုကင်းချင်ရင် ကြံဖွတ် စွမ်းအားရှင်အဖြစ် ရပ်တည် ရှင်သန်လို့ရတယ်၊

အမှန်ကိုပြောနေတာလား၊

ကိုယ်ပိုင်စဉ်းစားနိုင်တဲ့ အရည်အချင်းတွေ၊ အမ်ပွါယ်ဖွင့်ဆိုချက်တွေ၊ နားလည်နိုင်လောက်တဲ့ စွမ်းရည် မဲ့နေကြပြီ၊ လူထု တစ်ခုလုံးအနေနဲ့ လုံးဝမသိလို့တော့ မဟုတ်၊ တွန်းလှန်ရင် လက်ရှိ မိမိတို့ ပိုင်ဆိုင်နေတဲ့ ဘဝပျက်သွားလိမ့်မယ် စတဲ့အတွေးပိုင်ရှင်တွေ ဖြစ်လာအောင်၊ အကြောက်တရားအောက်မှာ လုပ်သင့်တာ လုပ်ချင်တာ မလုပ်ရဲအောင်၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်ချက်တွေ ပျက်ပြားအောင် (ယုံကြည်မှု မရှိတော့ဘူး)၊

မိမိကိုယ်ကိုလဲ ပြည့်ဝတဲ့ယုံကြည်မှု မရှိလာအောင်၊ အသိတရား ခေါင်းပါးလာအောင်၊ ကိုယ်ကျင့်တရား ဖောက်ပြန်လာအောင်၊ အမှားများများလုပ်ပြီး ဘဝရပ်တည် ရှင်သန်ရဲလာအောင်၊ နည်းအမျိုးမျိုးသုံးပြီး ဖိနှိပ်လိုက်တဲ့ အကြောင်းအရာတွေကို စစ်အာဏာရှင်စံနစ်ရဲ့ လုပ်ရပ်တွေလို့ ခေါ်ယူလိုရပါတယ်။

(စစ်အာဏာရှင်စံနစ်ဆိုတာ အထက်ပါအခြေအနေတွေ ဖြစ်အောင်ဖန်တီး၊ ဖိနှိပ်အုပ်ချုပ် ထားတဲ့ စံနစ်ပါ)

နိုင်ငံရေး စိတ်ဝင်စား တက်ကြွသူများ ပြောနေတာတွေကို နားလည်တဲ့ လူထုရှိသလို၊ နားမလည်နိုင်တဲ့ လူထုလည်း ရှိနေသေးတယ်၊ နားလည်တဲ့အဆင့်နဲ့ ရပ်နေတာကြောင့် တော်လှန်ရေးမဖြစ်သေးတာပါ။ မဖြစ်တော့ဘူးလို့ ပြောမရပါဘူး၊ သို့သော် ယောင်လည်လည် ဦးဆောင်မှု၊ လှုံ့ဆော်မှု၊ ဟန်ပြစည်းရုံးရေး၊ ပါတီအနိုင်ရရှိရေး၊ အာဏာတည်ဆောက်ရေး၊ စီမံချက်(ကိန်း) ဆက်လက်ရရှိရေး၊ နှစ်စဉ်အစီရင်ခံစာ တင်ပြသုံးသပ်ရေး၊ နေရာ-ရာထူး တည်မြဲရေး၊ လွှမ်းမိုးချယ်လှည်ရေး၊ စတဲ့ စိတ်ဓါတ်တွေနဲ့ တော်လှန်ရေးတစ်ရပ် ဖန်တီးလို့ မရပါဘူး။

ယနေ့တော်လှန်ရမှာက စစ်အာဏာရှင်တို့ဖန်းတီးခဲ့တဲ့ လုပ်ရပ်၊ တည်ဆောက်ပေးခဲ့တဲ့ လွဲမှားတဲ့စိတ်ဓါတ်နဲ့ ဖောက်ပြန်တဲ့ အကျင့်စာရိတ္တတွေကို ဦးစွာတော်လှန်ရမှာ ဖြစ်တယ်၊

ဒါက လူပုဂ္ဂိုလ် တိုက်ခိုက် တော်လှန်ရေးမဟုတ်၊ မိမိနဲ့ မိမိပါတ်ဝန်းကျင်မှာ ဦးစွာစတင်ပြီး မှန်ကန်အောင် လုပ်ဆောင်ရမှာဖြစ်တယ်၊ တော်လှန်ရေး တစ်ရပ်ဖန်တီးရမှာဖြစ်တယ်၊

လူထု ၅၅သန်းကျော် အားလုံးပါဝင် လာအောင် စည်းရုံးသိမ်းသွင်း တည်ဆောက်မှ စစ်အာဏာရှင်စံနစ်ကို တွန်းလှန်နိုင်မယ်လို့ ခံယူထားရင်တော့ မှားလိမ့်မယ်။

ယနေ့အချိန်အခါ အခြေအနေ၊ လူအင်အား၊ စွမ်းဆောင်ရည်၊ ပါတ်ဝန်းကျင်၊ လက်ခံနိုင်မှု၊ ပါဝင်နိုင်မှု၊ လုပ်ဆောင်သင့်တဲ့ နည်းလမ်းတွေ အမျိုးမျိုးအကြံ ပေးနေကြသလို၊ နည်းနာပေါင်း များစွာ လေ့လာရင်းအချိန်ကုန်မနေကြဖို့လည်း လိုပါတယ်။

နိုင်ငံရေး အတိုက်အခံတွေ၊ တော်လှန်ရေးအင်အားစုတွေကြား ဆွေးနွေးတိုင်ပင် စည်းဝေး ဆုံးဖြတ် ချမှတ်တည်ဆောက်ခဲ့တဲ့ လမ်းစဉ်တွေ၊ ခေါင်းဆောင်ကြီးများစွာ ခေါ်ယူကျင်းပခဲ့တဲ့ ညီလာခံတွေ၊ ရေးဆွဲခဲ့ကြတဲ့ စီမံကိန်း၊ လှုပ်ရှားမှု၊ လုပ်ငန်းစဉ်တွေ၊ နိုင်ငံတကာ အသိုင်း အဝန်းမှာ လိုက်လံစည်းရုံး လှုံ့ဆော်ခဲ့တဲ့ အလုပ်အဖွဲ့တွေ၊ ယနေ့ထက်တိုင် ထောက်ပံ့ ကူညီ ပံ့ပိုးနေတဲ့ အသင်းအဖွဲ့ ပုဂ္ဂိုလ်တွေ ရှိနေလျက်နဲ့ နအဖ ဘာကြောင့် ဆက်လက်ရှင်သန် ဖိနှိပ် အုပ်ချုပ်နေရတာလဲ။

မြန်မာနိုင်ငံအတွင်းမှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေ၊ တက်ကြွစွာလှုပ်ရှားနေသူတွေ၊ ပါတီဝင်တွေ၊ တိုင်းရင်းသား ခေါင်းဆောင်ကြီးများနဲ့ မိသားစုဝင်တွေ၊ အလုပ်သမား၊ လယ်သမား၊ လူထုလူတန်းစား အလွှာအသီးသီးက မိဘပြည်သူတွေ၊ ကျောင်းသူ-သားတွေ၊ အခြေခံ နေစားအလုပ်သမားတွေ၊ တပ်မတော်သားတွေ၊ ကြံ့ဖွံ့၊ စွမ်းအားရှင် အဖွဲ့ဝင်တွေ၊ အစိုးရဝန်ထမ်းတွေ၊ စီးပွားရေးသမားတွေ၊ ပညာရေးဆိုင်ရာဝန်ထမ်း၊ ဆရာ-ဆရာမတွေ၊ လက်ရှိနိုင်ငံရေးဖြစ်စဉ် ဂယနဂကသိကြလား၊ သိဖို့အခြေအနေပေးလား၊

နိုင်ငံသူ-သားတိုင်း သိရင်ကောင်းတယ်၊ သိတဲ့ပုဂ္ဂိုလ်တွေလဲရှိတယ်၊ မသိဘဲနဲ့ တော်လှန်ရေးထဲ မပါနိုင်ဘူးလား၊ သေချာတာကတော့ တော်လှန်သူ၊ ရဲရင့်သူတွေ၊ ရှိရင် တော်လှန်ရေး ဖြစ်ပါတယ်။

ညီညွတ်ကြ စည်းရုံးကြ တော်လှန်ကြ တိုက်ပွဲဝင်ကြလို့ ပြောခဲ့တဲ့ခေါင်းဆောင်တွေ နအဖ

အကျဉ်းစခန်းထဲ ချုပ်နှောင်မှု ခံထားကြရတယ်၊ အဲဒါစုစုပေါင်း ၂၇၀၀ကျော်သော ဆန့်ကျင်ရဲသူတွေသာဖြစ်တယ်၊ ကျန်နေတဲ့ ဒီမိုကရေစီ အင်အားစုတွေကတော့ ပေ့ါပါးတဲ့တာဝန်ယူမှုတွေနဲ့ ကျေနပ်နေကြတယ်၊

ဒါကြောင့် တော်လှန်ရေး မဖြစ်တာဆိုပြီး လက်ခံထားသူတွေ ရှိနေပြီ၊ နယ်စပ်နဲ့ နိုင်ငံတကာမှာ ရောက်နေတဲ့ စစ်အာဏာရှင် တိုက်ဖျက်ရေး၊ ဒီမိုကရေစီရရှိရေး၊ အမျိုးသားရေး လှုပ်ရှားမှု လုပ်ဆောင်နေကြတဲ့ အမည်ခံ ခေါင်းဆောင်တွေ၊ အမည်ရ ပုဂ္ဂိုလ်တွေ၊ နည်းနည်းပြန်စဉ်းစား ကြည့်ပါလား၊

အကျဉ်းကျနေတဲ့ မျိုးဆက်လူငယ်တွေရဲ့ ပြတ်သားတဲ့ တိုက်ပွဲဝင်ရဲတဲ့ စိတ်ဓါတ်နဲ့ စွမ်းအား လုပ်ဆောင်နိုင်မှုတွေကိုကြည့်ပြီး အားရ၊ ဂုဏ်ပြုနေယုံတင်မဟုတ်၊ မိမိတို့ကိုယ်တိုင် စွမ်းဆောင်ရည်ရှိတဲ့ လုပ်ဆောင်ရဲတဲ့ လူပုဂ္ဂိုလ်တွေဖြစ်လာအောင် ဘာလို့ မလုပ်တာလဲ မတည်ဆောကကြတော့ဘူးလား၊

ဒီတော့ ပြည်တွင်းမှာရှိတဲ့ လူထုကို ဘာလုပ်လိုက် ညာလုပ်လိုက်လို့ ပြောနေတာ၊ (သို့) ပြည်ပမှာ မေးနေပြီး၊ အာသာပြေ နိုင်ငံ့အရေး လုပ်ပေးနေတာလောက်နဲ့ နအဖ စစ်အစိုးရ မပြုတ်ကျနိုင်ဘူးလို နားလည်ဖို့ အချိန်ရောက်နေပါပြီ။

"စစ်အာဏာရှင်စံနစ်ကို လူထုအားနဲ့ အမြစ်ပြတ်တော်လှန်ကြလို့" ပြောခဲ့ကြတဲ့ ၈၈ မျိုးဆက် ခေါင်းဆောင် ကိုဌေးကြွယ်တို့ ထောင်ထဲ ရပ်တည်နေခြင်းဟာ စစ်အာဏာရှင် ပြုတ်ကျရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက်ဖြစ်တယ်။

လှိုင်းတစ်ခုလို မြစ်တစင်းလို တော်လှန်လာမယ့် လူငယ်တွေရှိနေပါတယ်၊

ကန့်လန့်လုပ်ပြီး စောင့်ဆွဲနေတဲ့ ဟန်ပြနိုင်ငံရေး လုပ်နေသူများ ရပ်တန်းကရပ်ဖို့ သင့်ပါတယ်။ ယောင်တောင်တောင်ပြောနေကြရုံနဲ့ စစ်အာဏာရှင် အမြစ်မပြတ်၊ ပြတ်သားတဲ့လုပ်ဆောင်မှု လူထုရှေ့ရပ်တည်ဦးဆောင်နိုင်တဲ့ တော်လှန်ရဲသူတွေနဲ့သာ တိုင်းပြည်ကို လားရာကောင်းတဲ့ ပြောင်းလဲမှုဆီ သယ်ဆောင်သွားနိုင်မှာဖြစ်တယ်။

ဘယ်လို လူထုပါဝင်လာအောင် ရှင်းပြရမှာလဲ၊

အနာဂတ် မျှော်လင့်ချက် ပျောက်ဆုံးနေတဲ့ လူထုကိုရှင်းရမှာက -

စစ်အာဏာရှင်စံနစ် အမြစ်ပြတ် တွန်းလှန်ပြီးရင်၊ မိဘပြည်သူလူထု ရရှိမယ့် လက်တွေ့ရလဒ် ကတော့ နိုင်ငံသားတိုင်း အလုပ်ရရှိမယ် (မိမိစွမ်းရည်၊ ပညာ၊ လုပ်ဆောင်မှု၊ တတ်ကျွမ်းမှုနဲ့ ထိုက်တန်တဲ့)၊ ဝင်ငွေနဲ့ မျှတတဲ့ ပညာရေး၊ ကျန်းမာရေး စံနစ်ရှိစေရမယ်၊ သက်ကြီးရွယ်အိုများ၊ ဆင်းရဲနွမ်းပါးသူများအတွက် လူမှုအထောက်အကူပြုစံနစ်ရှိစေရမယ်၊ ဒီတော့ လတ်တလော အကျိုးခံစားရမှာက လူထု ဖြစ်တယ်၊ (ဘယ်ပါတီဝင်၊ ဘယ်အဖွဲ့ဝင်မှ မဟုတ်ပါဘူး)

အမုန်း-ဒေါသဖြစ်နေရတဲ့ လူထု၊ အကြောက်တရားနဲ့ အသက်ရှင်သန်ခဲ့ရတဲ့ လူထု၊

လွတ်လပ်မှု-တရားမျှတမှု မဲ့နေခဲ့ရတဲ့ လူထု ဘဝတွေကနေ လွတ်မြောက်ကြဖို့ တော်လှန်ရေးကို ရက် (၉၁) အတွင်း အကောင်အထည်ဖော်မှာ ဖြစ်တယ်။

ပြည်သူလူတစ်ရပ်လုံး ပါဝင်တဲ့ စစ်အာဏာရှင် ပြုတ်ကျရေး၊ လွတ်မြောက်ရေး လှုပ်ရှားမှု ငါတို့အင်အားစုတွေနဲ့အတူ - ရက်၉၁အတွင်း တိုက်ပွဲပြင်ကြ၊ တိုက်ပွဲဝင်ကြ၊ စစ်အာဏာရှင် ပြုတ်ကျသည်အထိ ငါတို့အသက်စွန့် ဘဝပေး တော်လှန်တိုက်ပွဲဝင်သွားမယ်ဆိုတာ ဂတိပြုလိုက်တယ်၊ တိုက်ပွဲဝင်ရန် တော်လှန်ရန် ဖိတ်ခေါ်လိုက်တယ်။

လူငယ်စုများ၊ ကျောင်းသူ-သားများ၊ တော်လှန်ရေးပုဂ္ဂိုလ်များအတွက်

- အနနည်း၊ နလုံးရည်စွမ်းအား၊ အဓိကထားပြီး လုပ်ဆောင်ရမယ်။
- ပြည်သူလူထုကြား တည်တည်ကြည်ကြည် ရဲရဲဝင့်ဝင့် ရပ်တည်ရှင်းလင်းရမယ်။
- လူထုပါဝင်ရမယ့် အနေအထား သေချာ နားလည်သည်အထိ ဆွေးနွေးရမယ်။
- အစိုးရရုံး၊ ရဲဌာန၊ နိုင်ငံပိုင်အဆောက်အဦးတွေက လူထုအုပ်ချုပ်ရေးဌာနတွေ ဖြစ်ရမယ်။
- ဘုန်းကြီးကျောင်းတွေက ထောက်ပံ့ရေးဌာနတွေဖြစ်ရမယ်။
- စာသင်ကျောင်း၊ တက္ကသိုလ်၊ အလုပ်ရုံ၊ စက်ရုံတွေက တော်လှန်သူ စုရုံးရာဌာနတွေ ဖြစ်ရမယ်။
- အမျိုးသမီးထုနှင့် သက်ကြီးရွယ်အို နိုင်ငံသူ-သားတွေက ပိုင်းရံအင်အား ဖြစ်ရမယ်။
- လမ်း၊ တံတားတွေပေါ်မှာ တော်လှန်လူထုကြီး ပြည့်နှက်နေရမယ်။ (ထိပ်တိုက် ရင်ဆိုင်သော နေ့တစ်ရက်သာ)
- ဖိနှိပ်သူတို့၏ အုပ်ချုပ်ရေးလုပ်ငန်းများ ရပ်တန့်သွားရမယ်။ (ကြေငြာရပ်တန့်သော နေ့ရက်သာ)
- နယ်မြေအုပ်ချုပ်ရေး ကော်မတီတွေ မြို့ရွာတိုင်းမှာ ဖွဲ့စည်းရမယ်။
- သံဃာတော်တွေရဲ့ စည်းကမ်းထိန်းသိမ်းမှုကို လူထုက လိုက်နာဆောင်ရွက်ရမယ်။
- နိုင်ငံရေးတောင်းဆိုမှုထက် တော်လှန်ရေးအသွင်ဆောင်တဲ့ ဆုံးဖြတ်ချက်ဖြစ်ရမယ်။
- အမျိုးသားရေးဦးဆောင်မှုအသွင်တစ်ရပ်ဖြစ်အောင်တည်ဆောက်ရမယ်။
- ကြားဖြတ်အစိုးရဖွဲ့စည်းရမယ်။ (တော်လှန်ဦးဆောင်သူ၊ တပ်မတော်ခေါင်းဆောင်၊ တိုင်းရင်းသား၊ ပြည်သူ့ကိုယ်စားလှယ် အချို့ ပါဝင်တဲ့)
- နိုင်ငံတကာ ငြိမ်ချမ်းရေးတပ်တွေ လိုအပ်ရင် ခေါ်ဆောင်ရမယ်။
- ဘုရားသား(ရဟန်းသံဃာများ)၊ တပ်မတော်သား(စစ်သားများ)၊ကျောင်းသား(လူငယ်-ကျောင်းသူ-သားများ) ဦးဆောင်မှုဖြင့် ပူးပေါင်းပါဝင်ကာ စစ်အာဏာရှင်စံနစ်ကို လူထုအားနဲ့ တွန်းလှန်ရမယ်။
- သတ်မှတ်ရက်တစ်ခုပေးချိန်မတိုင်မှီအပြီးတည်ဆောက်ပါ၊ ချိတ်ဆက်ပါ၊ပြင်စဥ်ပါ၊ နောက်ပိုင်းနိုင်ငံရေး လက်ဦးမှု ရှုတ်ထွေးမှု မဖြစ်ပေါ်စေရန်ကြိုတင်ဟန့်တားမှု၊ ဆွေးနွေးမှုများ၊ အမိန့်ထုတ်ပြန်ချက်များပြင်စဥ်ထားကြရမယ်။

- လက်ရှိ သဘောတူ ဆွေးနွေးထားပြီးသော အင်အားစုများမှာ -လူငယ်မျိုးဆက်များ၊ ကျောင်းသူ-သားများ၊ ရဟန်းသံဃာများနှင့် အစိုးရဂုန်ထမ်း၊ပြည်သူ့ရဲ၊ တပ်မတော်အရာရှိအချို့ဖြစ်တယ်။
- ဆက်သွယ်ရေးတပ်စဉ်ထားပြီး အင်အားစုများမှာ - ရန်ကုန်၊ အထက်မြန်မာပြည်၊ ရခိုင်ပြည်နယ်၊ ရောဂတီတိုင်း၊ ထားဝယ်၊ ချင်းပြည်နယ်၊ပဲခူးတိုင်းတို့ဖြစ်တယ်။
- အဖွဲ့အစည်းများမှာ - မစိုးရိမ်တိုက်၊ အဖွဲ့ချုပ်လူငယ်၊ Generation Wave၊ Justic၊ မြေသြဇာ၊ ဗ.က.သ ၂၀၀၇၊ ဒဂုံတက္ကသိုလ်၊ ကွမ်းခြံကုန်းဘုန်းကြီးထုပ၊ကယ်ဆယ်ရေး အင်အားစုများ၊ လူထုကြီးကြပ်ရေး၊ ဗဟန်း- ဗာဂရာဘုန်းကြီးကျောင်းတိုက်၊ တာဂကျောင်းသားများ၊ စုစုပေါင်း ဦးဆောင်အင်အား (၃၅၀) ခန့်ရှိပြီးဖြစ်တယ်။
- ဂန်းရံအားအဖြစ် ၈၈မျိုးဆက်ဟောင်းတွေ၊ ၇၄မျိုးဆက်ဟောင်းတွေ၊ ၆၂မျိုးဆက် ဟောင်းတွေ ရှိနေတယ်။
- ဆက်လက်လုပ်ဆောင်နေခြင်းကိစ္စရပ်များမှာ လူသစ်များစည်းရုံးရေး၊ လူထုကြား လှုံ့ဆော်ရေး၊ အသိအမြင် နိုးကြားရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်နားလည်ရေး၊ စိတ်ဓါတ်မြှင့်တင်ရေး၊ တပ်မတော်သားမိသားစုများ ပါဂင်ဆင်နွဲရေး အဓိကထား ဆောင်ရွက်နေတယ်။
- ပြီးမြောက်ဆောင်ရွက်နိုင်မည့်အချိန်ရာထားချက် - ဩဂုတ် လဆန်းပိုင်း၊ လူထုအားလုံး ပူပေါင်းပါဂင်၍ စစ်အာဏာရှင်စံနစ် အုပ်ချုပ်ရေး ရပ်တန့်နိုင်သည့်အထိ တဆင့်ခြင်းမြှင့်တင် တိုက်ပွဲဂင်မယ်။
- (ပုန်းခိုခြင်း အချိန်မရှိတော့ပြီ) တစ်ဦးဖမ်းခံရလျှင် နိုင်ငံသားတိုင်း လိုက်လံတောင်းဆို ရမယ်။
- ခေါင်းဆောင်သည် မိမိတို့ကိုယ်တိုင်ဖြစ်နေခြင်းကြောင့် မည်သူမည်ဂါအား စောင့်ဆိုင်း တော်လှန်ခြင်းမပြုရ။
- ပြတ်သားသော လူငယ်ကျောင်းသားများ၊ ရဟန်းသံဃာများ၊ တပ်မတော်သားများ၊ ဦးဆောင်မှုဖြင့် တော်လှန်မယ်။
- ဖြစ်ပေါ်လာသော လူထုကိစ္စ၊ ပြဿနာတိုင်းသည် တော်လှန်ရေး၏ လက်နက်သဖွယ် ဆုတ်ကိုင်နိုင်ရမယ်။
- ခေါင်းဆောင်ဆိုသူများ၏ အမိန့်စောင့်ဆိုင်းရန် မဟုတ်၊ မိမိတို့ ရဲရင့်သူများ ဦးဆောင်သော တိုက်ပွဲ ဖြစ်တယ်။
- ဦးဆောင် တိုက်ပွဲဂင်သူတိုင်း တော်လှန်ရေးဦးဆောင်သူတွေဖြစ်တယ်။
- တိုင်းပြည်နဲ့ လူမျိုးအတွက် အမျိုးသားရေးတာဂန်တရပ် ရဲရဲဂင့်ဂင့် ထမ်းဆောင်တာ ဖြ ဖစ်တယ်။
- စွန့်လွှတ်အနစ်နာခံရမယ်၊ သီးခံစွမ်းရည် မြင့်မားရမယ်၊ ဆွေးနွေးရှင်းပြနိုင်ရမယ်။
- ကိုယ်ကျင့်သီလတရား ပြည့်ဂရမယ်။ လုပ်ရပ်နဲ့ သက်သေပြရမယ်။

ဒါတွေဟာ ငါတို့ရဲ့ တာဂန်နဲ့ဂတ္တရား၊ လုပ်ငန်းစဉ်။

နအဖ စစ်အာဏာရှင်လူတစ်စု ဘာတွေလုပ်နိုင်ချေ ရှိလဲ?

- ဖမ်းဆီးပိတ်ဆို့မယ်၊ ရိုက်နှက်ခြိမ်းခြောက်မယ်၊ သတ်ဖြတ်ချေးမှုန်းမယ်၊
- ဘယ်လောက်လုပ်နိုင်မလဲ? တချက်လောက် ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်ကြပါ။
- ထောင်တွေ ပြည့်သွားမှာပေါ့ (ရဲရင့်သူ လူငယ် တစ်သောင်းလောက် ရန်ကုန်မှာ လှုပ်ရှားပြီး၊ နိုင်ငံအဝှမ်း လူဦးရေ ငါးသောင်းလောက် ပါဝင်တိုက်ပွဲဝင်ရင်...)။
- ဖိနှိပ်မှု လုပ်ဆောင်ပေးရမယ့် ဝန်ထမ်းတွေ၊ ပစ်ခတ်ရမယ့် စစ်သားတွေ၊ ပိုင်းရိုက်ရမယ့် ကြံ့ဖွတ်၊ စွမ်းအားရှင်၊ လုံ့ထိန်းတွေ၊ (အလုပ်မဆင်းခဲ့ကြရင်၊ မိမိအိမ်မှာ အကြောင်းပြချက်တစ်ခုခုနဲ့ရပ်တည်နေကြရင်၊ ခွင့်ယူထားကြရင်)
- အမိန့်ပေးမယ့် ထိပ်ဆုံးကလူတစ်ယောက်၊ ပြီးတော့ ဗိုလ်ချုပ်၊ ဗိုလ်မှူးတစ်ရာ၊ တစ်ထောင်နဲ့ (ထောင်၊သောင်း၊သိန်းချီနေတဲ့ လူထုကို)ဘယ်လိုဖိနှိပ်နိုင်မှာလဲ?
- (ပစ်ခတ်လက်နက် ရှိရုံနဲ့ ကျည်မထွက်ပါဘူး) တပ်မတော်သားတွေ ဆုံးဖြတ်ရမယ့် နောက်ဆုံးအချိန်ပါ။

တိုက်ပွဲအတွက်ခေါက်အဆက်ဆက်ရင်းနှီးခဲ့ကြတဲ့ သူရဲကောင်းတွေ သောင်းချီနေပါပြီ၊ တကြိမ်တစ်ခါ ပြတ်ပြတ်သားသား အရင်းအနှီးကြီးကြီး ပေးရဲတယ်ဆိုရင်၊ ငါတို့ ရည်မှန်းချက် ပန်းတိုင် ရောက်မှာသေချာတယ်။ ပေးဖို့အစဉ်သင့်ပြင်ကြရမယ်။

အဓိကလိုအပ်တာက မိမိတို့ရဲ့ စိတ်ဓါတ်ပိုင်းဆိုင်ရာ ခိုင်မာမှုဖြစ်တယ်။ ဒါကလဲ အတွေးရှင်းရင် အလုပ်ရှင်းရှင်း ဆောင်ရွက်နိုင်တယ်။ မိမိကိုယ့်ကို (ငါတို့ကိုယ်ငါတို့) ယုံကြည်ဖို့ လိုတယ်။

ရဲရင့်သူတွေအတွက် အောင်ပွဲရှိတယ်။ တိုက်ရဲသူတွေ အတွက် ပန်းတိုင်ရှိတယ်။ သေသွားတဲ့ အာဇာနည်သူရဲကောင်းတွေအတွက် ဗိမာန် ရှိတယ်။ သွေး၊ချွေး၊ဘဝ ပေးဆပ်စွန့်လွှတ်သူတွေ အတွက် သမိုင်းမှတ်တမ်းရှိတယ်၊

တိုင်းရင်းသား မိဘပြည်သူလူထုအတွက် အနာဂတ်မျှော်လင့်ချက်ရှိဖို့ ငါတို့ရဲဝင့်စွာ တော်လှန်ကြစို့!

ကိုညီ
တော်လှန်အင်အားစုများကိုယ်စား
ရန်ကုန်မြို့ ၊ မြန်မာနိုင်ငံ